# မဲရုံသို့ ရောက်အောင်မ သွားနိုင်ဘူးလား။

## 2023 အထွေထွေရွေးကောက်ပွဲတွင် မဲပေးပါ

အောက်တိုဘာလ 2 ရက်၊ တနင်္လာနေ့မှစ၍ ရွေးကောက်ပွဲနေ့ဖြစ်သည့် အောက်တိုဘာလ 14 ရက်၊ စနေနေ့ ည 7 နာရီအထိ 2023 အထွေထွေရွေးကောက်ပွဲတွင် သင် မဲပေးနိုင်ပါသည်။ သင် မသွားမီတွင် မဲရုံများ၏ ဖွင့်လှစ်ချိန်များနှင့် တည်နေရာများကို **vote.nz** တွင် ကြည့်ရှုစစ်ဆေးပါ။

မဲရုံတစ်ခုသို့ ရောက်အောင်မသွားနိုင်လျှင်လည်း သင် မဲပေးနိုင်ပါသေးသည်။



**နောက်ထပ်အချက်အလက်များကို ဤနေရာတွင် ရရှိနိုင်ပါသည်–**

- **vote.nz** သို့ ဝင်ရောက်ကြည့်ရှုပါ
- **0800 36 76 56** ကို ဖုန်းခေါ်ဆိုပါ

## Complete this form to authorise someone to collect voting papers on your behalf

**Voter's details. Please print clearly.**

My first name(s) are:

My last name is:

My contact telephone number is:

OFFICIAL USE ONLY:
Index reference

Address where I am enrolled to vote:

✓ Tick the electoral roll you believe you are enrolled on:

☐ General roll ☐ Māori roll

မဲပေးရမည့်နေရာနှင့် အချိန်ဆိုင်ရာ အချက်အလက်များကို **vote.nz** တွင်ဖြစ်စေ၊ **0800 36 76 56** ကို ခေါ်ဆို၍ဖြစ်စေ ရရှိနိုင်သည်။ စာတိုက်မှ စာရင်းသွင်းထားသော မဲဆန္ဒရှင်များထံ ပေးပို့မည့် EasyVote (အလွယ်တကူ မဲပေးခြင်း) အထုပ်တွင်လည်း အဆိုပါအချက်အလက်များကို ထည့်သွင်းပါမည်။

မဲရုံများတွင် အောက်တိုဘာ 2 ရက်၊ တနင်္လာနေ့မှ ရွေးကောက်ပွဲနေ့ဖြစ်သည့် အောက်တိုဘာ 14 ရက်၊ စနေနေ့ ည 7 နာရီအထိ မဲပေးနိုင်သည်။ သင် မသွားမီတွင် မဲရုံများ၏ ဖွင့်လှစ်ချိန်များနှင့် တည်နေရာများကို **vote.nz** တွင် ကြည့်ရှုစစ်ဆေးပါ။ မဲရုံများကို ရွေးကောက်ပွဲနေ့ဖြစ်သည့် အောက်တိုဘာ 14 ရက်၊ စနေနေ့တွင် နံနက် 9 နာရီမှ ည 7 နာရီအထိ ဖွင့်လှစ်သည်။

## ရွေးကောက်ပွဲနေ့တွင် အလုပ်လုပ်နေပါသလား။

ရွေးကောက်ပွဲနေ့တွင် အလုပ်မှ နားချိန်ယူပြီး မဲသွားပေးရန် သင့်ကို တရားဝင်ခွင့်ပြုထားသည်။ အောက်တိုဘာ 2 ရက်၊ တနင်္လာနေ့မှစ၍ မည်သည့်မဲရုံတွင်မဆို စောစီးစွာ မဲပေး၍လည်းရသည်။

## စောင့်ရှောက်ရေးဂေဟာတွင် ရှိနေလျှင်လည်း မဲပေးနိုင်သေးသည်

စောင့်ရှောက်ရေးဂေဟာတွင် ရှိနေပါက သင်သည် ကျွန်ုပ်တို့ကို ဆက်သွယ်ရန်မလိုပါ။ သင်၏ ဒေသတွင်း ရွေးကောက်ပွဲ စီမံခန့်ခွဲသူသည် မဲပေးခြင်း ဝန်ဆောင်မှုများကို စီစဉ်ရန် သင့်စောင့်ရှောက်ရေးဂေဟာ၏ မန်နေဂျာကို ဆက်သွယ်ပါမည်။

## ဆေးရုံတွင်ရှိနေလျှင်လည်း မဲပေးနိုင်သေးသည်

ဆေးရုံတက်နေသောကြောင့် မဲရုံသို့ မသွားနိုင်ပါက အောက်တိုဘာလ 2 ရက်၊ တနင်္လာနေ့မှ စတင်၍ မိတ်ဆွေ (သို့) မိသားစုဝင်တစ်ဦးသည် သင့်မဲပေးလွှာများကို သင့်ဆီယူလာပေးနိုင်သည်။ ရွေးကောက်ပွဲနေ့မတိုင်မီ ဆေးရုံတက်ရန် စီစဉ်ထားပါက အောက်တိုဘာလ 2 ရက်၊ တနင်္လာနေ့မှစတင်၍ တတ်နိုင်လျှင် ကြိုတင်မဲပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။ နောက်ထပ် အချက်အလက်များကို သိရှိရန် **0800 36 76 56** တွင် ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

## မဲရုံသို့ ရောက်အောင်မသွားနိုင်ပါက သင်ရွေးချယ်နိုင်သည်များ

ကျွန်ုပ်တို့သည် မဲရုံသို့ ရောက်အောင်မသွားနိုင်သူများအတွက် မဲပေးခြင်း ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။ ဥပမာအားဖြင့် ကျန်းမာရေးမကောင်းခြင်း သို့မဟုတ် လှုပ်ရှားသွားလာ၍မရခြင်းကြောင့် လူကိုယ်တိုင် မဲမပေးနိုင်ပါက သင့်မဲပေးလွှာများကို သင့်ဆီ ယူလာပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုနိုင်သည် (သို့) မဲပေးလွှာများကို သင့်ထံ ပို့ပေးရန် လျှောက်ထားနိုင်သည်။

## တစ်စုံတစ်ဦးကို သင့်မဲပေးလွှာများ သွားယူခိုင်းပါ

မဲရုံသို့ မသွားနိုင်ပါက ပူးတွဲပါပုံစံကို ဖြည့်ပြီး လက်မှတ်ထိုးကာ ၎င်းကို မဲရုံဆီသို့ သင့်ကိုယ်စား ယူသွားပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုပါ။ ထို့နောက် သူသည် ဖြည့်စွက်ရမည့် သင့်မဲပေးလွှာများကို ပြန်ယူလာပေးပါမည်။

သင်၏မဲပေးလွှာများကို သင့်ကိုယ်စား သွားယူပေးနိုင်သူ တစ်ဦးမျှမရှိပါက ကျွန်ုပ်တို့က ၎င်းတို့ကို သင့်ထံ ပို့ပေးနိုင်ပါသည်။ **0800 36 76 56** တွင် ကျွန်ုပ်တို့ထံ ဖုန်းခေါ်ဆိုပါ။

## သင့်မဲပေးလွှာများကို ပြန်ပို့နည်း

သင်လုပ်နိုင်သည်မှာ–

အောက်တိုဘာလ 14 ရက်၊ စနေနေ့ ည 7 နာရီမတိုင်မီ သင်၏ ဖြည့်စွက်ထားသော မဲပေးလွှာများကို မဲရုံဆီသို့ သွားပို့ပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုနိုင်သည်။

သင့်တွင် ပစ္စည်းပို့သမားဖြင့် ပြန်ပို့ရမည့် အထုပ်ရှိပါက ပစ္စည်းပို့သမား လာယူမှုအတွက် စီစဉ်ရန် အထုပ်ပေါ်ရှိ ညွှန်ကြားချက်များအတိုင်း လုပ်ဆောင်ပါ၊ သို့မဟုတ် လျှင် အကူအညီလိုပါက **0800 36 76 56** တွင် ကျွန်ုပ်တို့ကိုဆက်သွယ်ပါ။

## Give my voting papers to the person I have authorised

**The name of the person I have authorised to collect and deliver my voting papers to me is:**

✓ ☐ **I have been authorised to collect and deliver voting papers to the voter named on this form.**

| Signature of authorised person | Date |
| --- | --- |
| | |

| Signature of voter | Date |
| --- | --- |
| | |

**Note: this application must be signed for it to be valid**

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI